ထူးနီကျေးရွာ

ထူးနီကျေးရွာအုပ်စု၊ ချောင်ဦးမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ထူးနီကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ချောင်းဦးမြို့နယ်၏
အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ထူးနီကျေးရွာသယံဇာတပြဖြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန် ၄

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၅

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့်ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၆

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၆

(က) စီးပွားရေးအခြေအနေ

(ခ) စိုက်ပျိုးနိုင်သည့်မြေဧရိယာ

(ဂ) အဓိကသီးနှံများနှင့်အထွက်နှုန်း

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(င) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ ၇

(က) ကုန်စည်နှင့်ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

(ခ) လမ်း၊တံတား၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်သတင်း

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
၈

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး
၈

၉။ ကျား-မ ရေးရာ
၉

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား
၁၂-၁၄

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ ၁၅

ကော်မတီဝင်များစာရင်း
၁၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦး အနေဖြင့်စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ကြပါသော လွှတ်တော်ကိုယ်စားများ အသီးသီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင် များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူအညီရယူရန် လိုအပ်ကြောင်း ကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီးအပိုင်း(၂)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ထူးနီကျေးရွာ၊ ချောင်းဦးမြို့နယ်

၂၀၁၈ ခုနှစ်၊ ဇူလိုင် လ( )ရက်

ထူးနီကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြကွဒိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်





အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

(က) နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက် များရယူရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေး နှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရ ဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

(ခ) ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ထူးနီကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ထူးနီကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း ချောင်းဦး-အမြင့် လမ်းမကြီး၏တောင်ဘက်(၃)မိုင်အကွာတွင်တည်ရှိပြီးအုပ်ချုပ်ရေးရုံးစိုက်ရာ ချောင်းဦးမြို့နှင့် ဆက်သွယ် သွားလာရ လွယ်ကူပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး ချင်းတွင်မြစ်ရေဝင်ဒေသဖြစ်၍ နှံးတင်မြေနု လယ်မြေများတွင် မြေအောက်ရေကို စိုက်ပျိုးရေးအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက္ခ(၃၀) နှင့် လက္ခ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေဧက (၁၁၃၇.၇၈)ဧကခန့်ရှိပြီး စပါး၊ ပဲတီစိမ်း နှင့် သခွားသီးနှံများ အဓိကစိုက်ပျိုးပါသည်။ သဘာဝပေါက်ပင်များမှာ တမာ၊ မန်ကျည်း၊ ထန်းပင်၊ ထနောင်း၊ ဆူးဖြူပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး၊ အဓိကခိုင်းနွားနှင့် ကျွဲတိရစ္ဆာန်များ အတွက် အစာများဖြစ်သည့် ကောက်ရိုး၊ မြက်တို့ကို လွယ်ကူစွာ ရရှိနိုင်၍ စားကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်အတွေ့ရများသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုဝင်ပေါင်း(၃၀၂)ရှိပြီး၊ စုစုပေါင်းလူဦးရေ(၁၃၈၅)ဦး၊ကျား(၆၉၁)ဦး၊မ(၆၉၄)ဦး မှီတင်းနေထိုင်ကြပါသည်။

ကျေးရွာရှိလူဦးရေတွင်အလုပ်လုပ်နိုင်သူအသက်(၁၅)နှစ်မှ(၆၀)နှစ်အတွင်း လူဦးရေ (၁၀၀၃)ဦးရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၇)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက် အမျိုးသမီးရေးရာအဖွဲ့နှင့် လူငယ်အဖွဲ့များမှကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများရှိပြီး၊ ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင်လည်း ချက်ပြုတ် ကျွေးမွေးရေး လုပ်ငန်းများကို တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။ ၎င်းအပြင် လူငယ်အဖွဲ့ အနေဖြင့် ကျေးရွာ၏ စိုက်ပျိုးရေး၊ စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေး ဆောင်ရွက် ပေးခြင်း များရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများ မှာလည်း ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သင့်တင့် ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၃၆%)သည် အလွန် မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး၊ (၃၃%)သည် မပြေလည်သော အိမ်ထောင်စု (၂၁%)သည် အလယ်အလတ်ရှိသောအိမ်ထောင်စု နှင့် (၁၀%)သောအိမ်ထောင်စုသည် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် မြေယာမဲ့များဖြစ်ပြီး၊ လက်လုပ်လက်စား များသာဖြစ်ကြပါသည်။

(ခ) စိုက်ပျိုးနိုင်သည့် မြေဧရိယာ

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများ လက်လှမ်းမီမှု၊ မြေအောက် ရေတို့ဖြင့်စိုက်ပျိုးနိုင်မှုကြောင့် စိုက်ပျိုးရေးအနေအထား ကောင်းမွန်ပါသည်။ ကျေးရွာ

တွင် စိုက်ပျိုးနိုင်သော လယ်မြေကေပါင်း(၁၁၃၇.၇၈)ရှိပြီး၊ စပါး၊ ပဲတီစိမ်း၊ ကုလားပဲနှင့်သခွား သီးနှံများ စိုက်ပျိုးကြပါသည်။

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ထူးနီကျေးရွာ၏ အဓိကသီးနှံများမှာ စပါး၊ ပဲတီစိမ်း၊ ကုလားပဲ နှင့် သခွားစိုက်ပျိုးခြင်းများ လုပ်ကိုင်ကြ ပါသည်။ အဓိက စပါးမှာ တစ်ဧကလျှင် အနည်းဆုံး(၅၀)တင်း၊ အများဆုံး(၇၀)တင်းနှင့် ပျမ်းမျှ(၆၀)တင်း ထွက်ရှိသည်။ ပဲတီစိမ်းတစ်ဧကလျှင် အနည်းဆုံး(၁၀)တင်း၊ အများဆုံး (၂၀)တင်းနှင့် ပျမ်းမျှ(၁၅)တင်း ထွက်ရှိပါသည်။ ကုလားပဲတစ်ဧကလျှင် အနည်းဆုံး(၈)တင်း၊ အများဆုံး(၂၀)တင်းနှင့် ပျမ်းမျှ(၁၂)တင်း ထွက်ရှိပါသည်။ သခွားသီးနှံစိုက်ပျိုးမှုမှာ တစ်ဧကလျှင် အနည်းဆုံး(၁၀)တန်၊ အများဆုံး(၁၅)တန်နှင့် ပျမ်းမျှ(၁၂)တန်ထွက်ရှိပါသည်။

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ထူးနီကျေးရွာတွင် နို့စားနှင့်အသားစားကျွဲ/နွားမွေးမြူထားခြင်း မရှိပါသော်လည်း ခိုင်းနွား/ကျွဲ မွေးမြူ သောအိမ်ထောင်စု(၂၁၄)စုရှိပြီး၊ ဆိတ်၊ ဝက်၊ ကြက်တစ်ပိုင်တစ်နိုင်မွေးမြူသောမိသားစု အနည်းငယ်မျှသာ ရှိပါသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်းမရှိကြပါ။

(င) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ထူးနီကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စိုက်ပျိုးရေး နေ့စားလုပ်သားများ၊ ဈေးဆိုင်နှင့် အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ ဈေးဆိုင်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု(၁၀)စုရှိပြီး၊ မိသားစုဝင်(၁၀)ဦးဖြင့်လည်ကောင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်း(၈)ဦးသာ ရှိပြီး၊ ရပ်တည်နိုင်မှုအနေဖြင့် အလယ်အလတ်အဆင့်တွင်ရှိပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ

ထူးနီကျေးရွာသည် ချောင်းဦး-အမြင့်လမ်းကြီး နှင့်(၃)မိုင် အကွာတွင် တည်ရှိသဖြင့် လမ်းပန်း ဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပါသည်။ ထူးနီကျေးရွာ နှင့် အနီးဆုံးဈေးမှာ (၅)မိုင်ခန့်ဝေး သည့် ချောင်းဦးဈေးဖြစ်ပြီး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအားလုံး အလွယ်တကူနှင့် ဝယ်ယူရရှိ နိုင်ပါသည်။ အကြီးဈေးကွက်ဖြစ်သည့် မုံရွာမြို့နှင့်လည်း(၁၄)မိုင်သာကွာဝေးသည့်အတွက်လွယ်ကူစွာသွားလာ နိုင်ပါသဖြင့် ဈေးကွက်ဝန်ဆောင်မှု ကောင်းမွန်ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ထူးနီကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရ ခက်ခဲပါသဖြင့် လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး (၆၀)စီး၊ မော်တော် ဆိုင်ကယ်(၃၄၂)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ထော်လာကျီ(၂၇)စီး၊ ကား(၅)စီး နှင့် နွားလှည်း(၈၁)စီး အသုံးပြု လျှက်ရှိပါသည်။

လျှပ်စစ်မီးအသုံးနှိုင်ခြင်းမရှိသေးပါ။ တစ်အိမ်သုံးဆိုလာစနစ်ကိုသာ အသုံးပြုလျှက်ရှိပါသည်။ ကျေးရွာရှိ အိမ်တိုင်းသည်လက်ကိုင်ဖုန်းများအသုံးပြုနေကြပြီးဖြစ်ပါသည်။ အင်တာနက်အသုံးပြုနိုင်မှုရှိပြီးအခြားသတင်း အချက်အလက်များအတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထား သဖြင့် ဆက်သွယ်ရေး ကောင်းမွန် ပါသည်။

၆။ ပညာရေး

ထူးနီကျေးရွာတွင် မူလတန်းကျောင်းသားပေါင်း(၁၁၃)ဦး၊ အလယ်တန်းကျောင်းသားပေါင်း (၅၁)ဦး၊ အထက်တန်းကျောင်းသား(၂၉)ဦး နှင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းသား(၂၄)ဦးရှိပြီး၊မူလတန်း ကျောင်းသူ ကျောင်းသားများမှာ ကျေးရွာရှိ မူလွန်ကျောင်းတွင် တက်ရောက်ပြီး အလယ်တန်း နှင့် အထက်တန်း ကျောင်းသူ/သားများမှာ ချောင်းဦးမြို့သို့ တက်ရောက်ကြပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းဆောင် (၆၀'×၃၀') (၂)ဆောင်နှင့် မူလွန်ကျောင်းဆောင် (၉၀'×၃၀') (၁)ဆောင်ရှိပြီး အရည်အသွေးအသင့်တင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် ဆရာ/ဆရာမ စုစုပေါင်း(၈)ဦးရှိပြီး အင်အားလုံလောက်မှုရှိပါသည်။ တက္ကသိုလ်ကျောင်းသား/ ကျောင်းသူများမှာ မုံရွာတက္ကသိုလ်သို့ သွားရောက် တက်ရောက်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ထူးနီကျေးရွာအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျော ရောဂါ၊ သွေးလွန် တုပ်ကွေး ရောဂါများ ဖြစ်ပွားတတ်ပြီး၊ အသက်(၄၀)ကျော် လူကြီးများမှာ သွေးတိုးရောဂါ ဖြစ်ပွားမှု များပါသည်။ အခြား ရောဂါများ ဖြစ်သော အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ အသည်းရောဂါ (ဘီ၊စီ)၊ HIV,AIDS ရောဂါများ၊ အခြားကူးစက်ရောဂါများ မတွေ့ရှိရပါ။

ကျန်းမာရေးဝန်ဆောင်မှု အနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များအတွက် လစဉ် ပုံမှန် ကာကွယ်ဆေး ထိုးနှံပေးလျက်

ရှိပါသည်။ အရေးပေါ် အခြေအနေဖြစ်ပါက ချောင်းဦးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။

သောက်သုံးရေအတွက် မြေအောက်ရေ၊ အဝီစိစက်တပ်၊ တုံကင်တွင်းများ၊ မိုးရေလှောင်ကန်များ အသုံးပြု ကြပါသည်။ ဝါဆိုဝါခေါင် ရေကြီးတတ်သော လများတွင် သောက်သုံးရေအရင်းအမြစ်များသို့ မကောင်းသော ရေဆိုး များ ဝင်ရောက်ခြင်းကြောင့် သောက်သုံးရေခက်ခဲမှုရှိပါသည်။

ထူးနီကျေးရွာတွင် အိမ်ထောင်စု(၃၀၂)စုရှိပြီး၊ ယင်လုံအိမ်သာ(၂၆၈)လုံး ရှိပြီးအိမ်ထောင်ငယ်(၃၄)အိမ်မှာ တစ်ဝန်းထဲနေ မိဘများအိမ်တွင် အတူသုံးစွဲကြပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာ သုံးစွဲမှုကြောင့် ကူးစက် ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများ ရှိသဖြင့် ကျောင်းသူ/ ကျောင်းသားများအတွက် အသုံးပြုရန်လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထူးနီကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ ဝါခေါင်၊ တော်သလင်း၊ သတင်းကျွတ်လများတွင် အများအား ဖြင့် တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ ၃၅%ရှိပြီးရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ တွင် စိုက်ပျိုးရေးလုပ်သားအဖြစ် အဓိကဝင်ရောက်လုပ်ကိုင်ကြပါသည်။ အကြွေးတင်ရှိမှုရှိသော အိမ်ထောင်စု အချို့ရှိပြီး ချေးငွေအများစုကို NGO အဖွဲ့အစည်းများမှ ထုတ်ချေးကြပါသည်။ တောင်သူများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမ အသင်းတို့မှ ချေးငွေများချေးယူကြပါသည်။ ချေးငွေများကို စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးစရိတ်တို့အတွက် အသုံးပြုကြပါသည်။

မိုးများသောနှစ်များတွင် ချင်းတွင်းမြစ်ရေကြီးပြီး တာဘောင်ကျိုးပျက်စီးပါက ရေကြီးလေ့ ရှိပါသည်။

အချို့နှစ်များတွင်ရာသီဥတုဖောက်ပြန်မှုကြောင့်လည်းမိုးခေါင်ခြင်းများကြုံတွေ့ရပါသည်။စိုက်ပျိုးေ ြေမြေဆီလွှာ ပျက်စီးမှုနည်းပါးပါသည်။ စိုက်ပျိုးပင်မျိုးစိတ်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးရရှိမှုမှာ မြေအောက်ရေမှ အလွယ်တကူရရှိပါသည်။ သောက်သုံးရေမှာ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မြစ်ရေ ဝင်ရောက်တတ်သောကြောင့် သောက်သုံးရေ ခက်ခဲမှုရှိပါသည်။တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ကျရောက်မှု အခြေအနေမှာ ကဆုန်၊နယုန် လများတွင် တွေ့ရှိရပါသည်။ သစ်တောပြုန်းတီးခြင်း အသင့်တင့်ဖြစ်ပေါ်လေ့ ရှိပါသည်။

၉။ ကျား-မ ရေးရာ

ထူးနီကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မ ဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများ မရှိပါ။ ပညာရေးနှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေး တန်းတူညီစွာ ရရှိပြီး အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုလျော့နည်းသော်လည်းအခြားလူမှုရေးအသင်းအဖွဲ့များတွင်အမျိုးသမီး များ ပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူ ညီမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက် သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သားအုပ်စု (၅) စု၊ (က)ရပ်မိရပ်ဖအုပ်စု၊(ခ)တောင်သူအုပ်စု၊ (ဂ)စိုက်ပျိုးမွေးမြူရေး မဟုတ်သောအုပ်စု၊ (ဃ)အမျိုးသမီး အုပ်စု၊(င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ၊အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁။ ကျေးရွာရွာတွင်းလမ်းကွန်ကာရစ်ခင်းခြင်း	၁၀	၉	၁၀	၁၀	၉	၄၈	၁
၂။ ရွာတွင်းရေဆိုးမြောင်းတူးဖော်ခြင်း	၁၀	၁၀	၅	၈	၇	၄၀	၃
၃။ကုန်ထုတ်လမ်းပြုပြင်ခြင်း	၉	၁၀	၅	၇	၆	၃၇	၄
၄။ မြစ်ရေဝင်"ရိုး"ချဲ့ထွင်တူးဖော်ခြင်း	၁၀	၈	၁၀	၉	၈	၄၅	၂
၅။လျှပ်စစ်မီးရရှိရေး	၈	၁၀	၅	၅	၄	၃၂	၅

၆။ ဘောလုံးကွင်း တည်ဆောက်ခြင်း	၇	၅	၈	၃	၅	၂၈	၆

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံကိန်း	**ဦးစားပေး အဆင့်**	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၈၅၀'×၁၂'×၆")	၁	✔	-	-	-	-
၂။မြစ်ရေဝင်"ရိုး"ချဲ့ထွင်တူးဖော်ခြင်း	၂	-	✔	-	-	-
၃။ ရွာတွင်းရေဆိုးမြောင်း တူးဖော်ခြင်း	၃	-	-	✔	-	-
၄။ကုန်ထုတ်လမ်းပြုပြင်ခြင်း	၄	-	-	-	✔	-

၅။လျှပ်စစ်မီးရရှိရေး	၅	-	-	-	-	✔
၆။ ဘောလုံးကွင်းတည်ဆောက်ခြင်း	၆	-	-	-	-	✔

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ထူးနီကျေးရွာအုပ်စု၊ ထူးနီကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာ	ကျေးရွာတွင်းလမ်းများ	ကျေးရွာသူ / သား	ကျေးရွာတွင်	ကျေးရွာရွာတွင်းလမ်းအား	ကျေးရွာရွာတွင်းလမ်းအား
	ရွာတွင်းလမ်း	သည် မြေသားလမ်းဖြစ်၍	များစုပေါင်း၍လုပ်ငန်း	လုံလောက်သော	မြေသားလမ်းမှ ကွန်ကရစ်	ကွန်ကရစ်လမ်း ခင်းခြင်း
	ပျက်စီးခြင်း	မိုးရာသီတွင် ရွံ့စေး၊ရွံ့ဗွက်	အတွက် လိုအပ်သော	မတည်ရန်ပုံငွေ	လမ်းအဖြစ် ဆောင်ရွက်	(၁၈၅၀'-၀"×၁၂'-၀"×
		များကြောင့် ကျေးရွာနေ	လုပ်အားနှင့်ငွေကြေး	မရှိခြင်း။	ခြင်း။	၀'-၆")
		ပြည်သူများနှင့်ကျောင်းသူ	ပူးပေါင်းပါဝင်			
		ကျောင်းသားများသွားလာ	ဆောင်ရွက်နိုင်ခြင်း။			
		ရာတွင် ခက်ခဲခြင်း။				
၂	ကျေးရွာရှိ	လက်ရှိမြစ်ရေဝင်''ရိုး"	ကျေးရွာသူ / သား	ကျေးရွာတွင်	တိမ်ကောနေသည့် "ရိုး"	"ရိုး" ဟောင်းအားပြန်လည်
	မြစ်ရေဝင်"ရိုး"	တိမ်ကောနေပါသဖြင့်	များစုပေါင်း၍လုပ်ငန်း	လုံလောက်သော	အားပြန်လည်တူးဖော်ခြင်း။	တူးဖော်ခြင်း (၂ မိုင်)
	တိမ်ကော	ရေကြီးချိန်တွင် "ရိုး"မှ	အတွက် လိုအပ်သော	မတည်ရန်ပုံငွေ		
	ပျက်စီးခြင်း	ရေများသည်လူနေအိမ်များ	လုပ်အားနှင့်ငွေကြေး	မရှိခြင်း။		
		အတွင်း ဝင်ရောက်၍	ပူးပေါင်းပါဝင်			

		ရေကြီးနစ်မြုပ်မှုများ	ဆောင်ရွက်နိုင်ခြင်း။			
		ဖြစ်ခြင်း။				

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ထူးနီကျေးရွာအုပ်စု၊ ထူးနီကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃	ကျေးရွာတွင်ရေဆိုးများ	ကျေးရွာအတွင်းရှိ အသုံး	ကျေးရွာသူ၊ ကျေးရွာ	မတည်ရန်ပုံငွေ	ကျေးရွာအတွင်း	ကျေးရွာအတွင်း
	ရှိခြင်းကြောင့် ကျန်းမာ	ပြုသော ရေတွင်းများမှ	သားများ ပူးပေါင်း	မရှိခြင်း။	ရေဆိုးမြောင်း	ရေဆိုးမြောင်း
	ရေးထိခိုက်စေနိုင်ခြင်း	ချိုးရေ၊ သုံးရေများ ရေဆိုး	ပါဝင်နိုင်ခြင်း။		တူးဖော်ခြင်း။	တူးဖော်ခြင်း(၁ မိုင်)
		အဖြစ် တည်ရှိခြင်းကြောင့်				
		ခြင်ပေါက်ပွားသဖြင့်				
		ကျန်းမာရေးထိခိုက်ခြင်း။				
၄	ကျေးရွာကုန်ထုတ်လမ်း	ကျေးရွာ၏ စိုက်ပျိုးသီးနှံ	ကျေးရွာသူ / သား	ကျေးရွာတွင်	ကုန်ထုတ်လမ်း	ကျေးရွာရှိ ကုန်ထုတ်

	ပျက်စီးခြင်း	များ သယ်ယူရသော လမ်း	များ စုပေါင်း၍	လုံလောက်သော	အား အဆင့်မြှင့်	လမ်းအား ဂျင်းခင်း
		မှာ မြေသားလမ်းဖြစ်၍	လုပ်ငန်း အတွက်	မတည်ရန်ပုံငွေ	တင်ခြင်း။	ခြင်း။
		ရွံ့ဗွက်များ ထူထပ်ခြင်း	လိုအပ်သောလုပ်အား	မရှိခြင်း။		
		ကြောင့် သွားလာရခက်ခဲ	နှင့် ငွေကြေးပူးပေါင်း			
		ခြင်း။	ပါဝင် ဆောင်ရွက်နိုင်			
			ခြင်း။			

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ထူးနီကျေးရွာအုပ်စု၊ ထူးနီကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	ကျေးရွာရှိ	လျှပ်စစ်မီးမရှိခြင်းကြောင့်	ကျေးရွာရန်ပုံငွေ	လုံလောက်သော	ကျေးရွာသို့	ကျေးရွာသို့
	ကျောင်းသူ/သားများ	ကျောင်းသားလူငယ်များ	အသင့်အတင့်ရှိခြင်း	ရန်ပုံငွေပမာဏ	လျှပ်စစ်ဓါတ်အားလိုင်း	လျှပ်စစ်ဓါတ်အားလိုင်း
	စာပေလေ့လာရာတွင်	စာပေလေ့လာရာတွင်		မရှိခြင်း	သွယ်တန်းခြင်း	သွယ်တန်းခြင်း

	ခက်ခဲခြင်းနှင့်ကျေးရွာ	ခက်ခဲခြင်းနှင့်ချက်ပြုတ်ရာ				
	ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း	ထင်းမီးများသုံးစွဲရခြင်း				
		ကြောင့် မီးဘေးအန္တရာယ်				
		စိုးရိမ်ရခြင်းနှင့် သစ်တော				
		ပြုန်းတီးခြင်း၊				
၆	ကျေးရွာရှိလူငယ်များ	လူငယ်များလွတ်လပ်စွာ	အားကစားကွင်း	အားကစားကွင်း	အားကစားကွင်း	အားကစားကွင်း
	ကိုယ်ကာယကြံ့ခိုင်ရေး	ကိုယ်ကာယလေ့ကျင့်ခန်း	ပြုလုပ်ရန်မြေနေရာ	ပြုလုပ်ရန်	တည်ဆောက်ခြင်း	တည်ဆောက်ခြင်း
	အတွက် လေ့ကျင့်ရန်	များ၊ အားကစားနည်းများ	ရှိခြင်း	နည်းပညာနှင့်		
	အားကစားကွင်းမရှိခြင်း	လေ့ကျင့်ရန်အားကစားကွင်း		ငွေကြေးလုံလောက်		
		မရှိခြင်းကြောင့် လူငယ်များ		မှု မရှိခြင်း		
		တက်ကြွမှုနည်းခြင်း				

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ထူးနီကျေးရွာ
ကျေးရွာအုပ်စု	- ထူးနီကျေးရွာအုပ်စု
မြို့နယ်	- ချောင်းဦးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၈၈၅'-၀"×၁၂'-၀"×၀'-၆")	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ - လက်ရှိကျေးရွာ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ - မိုးရာသီတွင် ရွံ့စေး၊ရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။ - မိုးရာသီတွင် ပညာသင်ကြားနေကြသော ကျောင်းသားသူများ၏ ကျောင်းသွားရာတွင် ခက်ခဲခြင်း၊ - ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ခက်ခဲစွာ ဝင်ထွက်သွားလာ နေရခြင်း။ - မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ကား/ထော်လာကျီများ သွားလာရာတွင် ခက်ခဲနေပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) - မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။ - မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။ - ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေ ခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။ - ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ)	

- လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)

- ကျေးရွာ ရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းခြင်း(၁၈၈၅'-၀"×၁၂'-၀"×၀'-၆")လုပ်ငန်း ဆောင်ရွက်ပါမည်။
- လုပ်ငန်းခန့်မှန်းကုန်ကျငွေကျပ်(၂၅၆၀၀၀၀၀/-)ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀/- (ငွေသား) • ၁၅၆၀၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၆၉၁	၆၉၄	**၁၃၈၅**	၃၃	၆၂	၁၀၁	၁၀၆	**၃၀၂**
အကျိုးခံစားမည့်သူဦးရေ	၆၉၁	၆၉၄	**၁၃၈၅**	၃၃	၆၂	၁၀၁	၁၀၆	**၃၀၂**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း - ၂၀၁၈ခုနှစ်၊ ဇူလိုင်လ
(၃)စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်
(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် - ကွန်ကရစ်လမ်းခင်းခြင်း(၁၈၈၅'-၀"× ၁၂'-၀"×၀'-၆")လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ (၂၅၆၀၀၀၀၀/-)တွင် ကျေးရွာပြည်သူလူထုမှ ငွေကျပ်(၁၅၆၀၀၀၀၀/-) ပူးပေါင်းပါဝင်ဆောင်ရွက်ပါမည်။
(၅)လုပ်ငန်းလည်ပတ်ရေး၊ပြုပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ - ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ - ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။ - စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများနှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

ထူးနီကျေးရွာ၊ ထူးနီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ဝင်း	ဦးဖိုးနီ	၅/ခဥတ(နိုင်)၀၂၅၉၃၂	၆၀	ဥက္ကဋ္ဌ	-
၂	ဦးကံကြည်	ဦးကြက်တော	၅/ခဥတ(နိုင်)၀၂၆၂၄၂	၅၈	အတွင်းရေးမှူး	၀၉- ၇၆၀၈၆၈၂၁၂
၃	ဦးသန်းရွှေ	ဦးလှဖေ	၅/ခဥတ(နိုင်)၀၇၆၇၁၃	၅၀	ဘဏ္ဍာရေးမှူး	-
၄	ဦးအောင်လွင်စိုး	ဦးဖိုးစီ	၅/ခဥတ(နိုင်)၀၅၀၂၉၂	၄၂	စာရင်းကိုင်	-
၅	ဒေါ်သက်သက်ဇင်	ဦးဆယ်ပို	၅/ခဥတ(နိုင်)၀၂၆၄၉၁	၃၂	သော့ကိုင်(၁)	-
၆	ဒေါ်ဝင်းဆင့်	ဦးအောင်သိန်း	၅/ခဥတ(နိုင်)၀၂၆၃၄၄	၄၇	သော့ကိုင်(၂)	-
၇	ဒေါ်ခင်လှိုင်	ဦးဘမြင့်	၅/ခဥတ(နိုင်)၀၉၆၈၉၆	၄၅	အဖွဲ့ဝင်	၀၉-၉၅၁၂၃၂၄၇၄

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၁၃	၂၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၃	၃၆	၇၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၁	၄၆	၁၀၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၁	၃၂	၇၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၉၃	၅၁၀	၁၀၀၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၆	၅၇	၁၀၃
စုစုပေါင်း		**၆၉၁**	**၆၉၄**	**၁၃၈၅**
စုစုပေါင်း အိမ်ထောင်စု		၃၀၂		

ရင်းမြစ်....(၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။။ထူးနီကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၀၂)စု ရှိပြီး လူဦးရေစုစုပေါင်း (၁၃၈၅)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၂%) ၊ အလုပ်မလုပ်နိုင်သော ကလေးသူငယ်များနှင့် သက်ကြီးရွယ်ကြီးဦးရေမှာ (၁၅%) ရှိပြီး ကျောင်းနေအရွယ်ဦးရေမှာ (၁၃%)ရှိပါသည်။

(၂) သဘာဝအရင်းအမြစ် နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့်ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/ မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်းစသည်)
လယ်မြေ	၁၀၉၅.၀၈	သင့်	ရ	မြစ်ရေ/မြေအောက်ရေ
ယာမြေ	-	-	-	-
ဥယျာဉ်ခြံမြေ	၄၂.၇၀	ကောင်း	ရ	မြေအောက်ရေ
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-

မြေအမျိုးအစား	ဇရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/ မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်းစသည်)
စားကျက်မြေ	–	–	–	–
ပလပ်မြေ	–	–	–	–
သစ်တောမြေ	–	–	–	–
စုစုပေါင်း	၁၁၃၇.၇၈	–	–	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရရှိသည့် အရင်းအမြစ်အမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။။ထူးနီကျေးရွာတွင် စိုက်ပျိုးမြေဧကပေါင်း (၁၁၃၇.၇၈) ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးရေ ရရှိမှုမှာ မြစ်ရေနှင့် မြေအောက် ရေများ အသုံးပြုရပါသည်။ ရေရရှိမှု ခက်ခဲမှုမရှိပါ။

2.2ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓာတ်ငွေ့၊ ရေနံ)	–	-
ဓါတ်သတ္တု (ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ)စသည့်	–	–
အခြားသဘာဝအရင်းအမြစ်	–	–
တိရစ္ဆာန်မျိုးစိတ်များ	–	–
အပင်မျိုးစိတ်များ (လူ၊ တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)	–	–
ပျမ်းမျှအပူချိန်-30°C–40°C	ပျမ်းမျှမိုးရေချိန်- လက်မ ၃၀ - လက်မ ၄၀	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ထူးနီကျေးရွာတွင် ဓာတ်သတ္ထုနှင့် အခြားသဘာဝ အရင်းအမြစ်များ မရရှိပါ။ ကျောက်၊သဲများကို နီးစပ်ရာအရင်းအမြစ်များမှ အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။

(၃)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ပါရမီမြင့်မိုရ်	၁□ ၂Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာရှိ ကျန်းမာရေး အထောက်အကူပြုသောအဖွဲ့
၂	လူငယ်အဖွဲ့	၁□ ၂Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ သာရေး၊ နာရေးအတွက် အထောက်အကူပြုသောအဖွဲ့
၃	ဓမ္မစကူးလ်	၁□ ၂□ ၃Â	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာတွင်ကလေးသူငယ်များ၏ ပညာရေး၊ဘာသာရေး နှင့်ယဉ်ကျေးမှု အတွက် အထောက်အကူပြုသောအဖွဲ့
၄	ဂေါပက	၁□ ၂□ ၃Â	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာတွင်ဘုရား၊ဓမ္မာရုံများတွင် ကြီးကြပ်စောင့်ရှောက်သော အဖွဲ့
၅	စာကြည့်တိုက်	၁□ ၂Â ၃□	ပညာရေး Â ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာတွင်အသိပညာဗဟုသုတများရှိစေရန်အထောက်အကူပြုေ ော အဖွဲ့
၆	စာသင်ကျောင်း ကော်မတီ	၁□ ၂Â ၃□	ပညာရေး Âငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ ပညာရေးကို ကြီးမှူးဦးဆောင်သောအဖွဲ့
၇	မီးသက်	၁□ ၂Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကျေးရွာ၏ မီးဘေးလုံခြုံရေးကို ကာကွယ်သောအဖွဲ့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ထူးနီကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၇)ဖွဲ့ရှိပါသည်။ အဖွဲ့အစည်းများကို ကဏ္ဍစုံပါဝင်အောင် ဖွဲ့စည်းထားပါသည်။

(၄)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧက-၇ဧက	၅ဧက-၄ဧက	၃ဧက-၂ဧက	မရှိ
အိမ်အခြေအနေ	RC(၁ထပ်-၂ထပ်)	၂ထပ်ပျဉ်ခင်းပျဉ်ထောင်	သွပ်မိုးကပ်ကာ	သက်ကယ်မိုးကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ရိတ်စက်နှင့် ထွန်စက်ကြီး	ကွန်ဒေါင်း၊ထော်လာဂျီ	ရေစုပ်စက်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး	တောင်သူလတ်	တောင်သူငယ်နှင့် ဈေးသည်	ကျပန်း
အိမ်ထောင်စု	၃၃	၆၂	၁၀၁	၁၀၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ထူးနီကျေးရွာ အိမ်ထောင်စုပေါင်း(၃၀၂) စု ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၃၃)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၆၂)စု၊ မပြေလည်သော အိမ်ထောင်စု(၁၀၁)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၁၀၆)စုရှိပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ မြေယာမဲ့ဖြစ်ပြီး လက်လုပ်လက်စားများသာ ဖြစ်ကြပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု (%)	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၀၆	၃၅%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်(၁ဟတ် တာထိ)	၁၀၁	၃၃.၄%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား(၂ ဟတ်တာထိ)	၆၂	၂၀.၆%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟတ်တာထိ)	၃၃	၁၁%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧက အထက် (၅ ဟတ်တာနှင့်အထက်)	-	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၃၀၂	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမား အုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ထူးနီကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၃၅%)၊ ဆင်းရဲသားတောင်သူအိမ်ထောင်စု(၃၃.၄%)၊အလယ်အလတ်ရှိသောတောင်သူအိမ်ထောင်စု(၂၀.၆%) နှင့် အဆင်ပြေသောအိမ်ထောင်စု(၁၁%)ရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၄၅၀	တင်း	၅၀	၇၀	၆၀	အထွက်နှုန်းအသင့်တင့်ရှိသော်လည်းဈေးကွက်မရှိ၍အမြတ်နည်း။
သခွား	၅၀၀	တန်	၁၀	၁၅	၉	ရာသီဥတုနှင့်ဈေးကွက်ကိုက်ညီပါကအမြတ်များပြီး/မကိုက်ညီပါကအ

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
						ရှိုးပေါ်။
ပဲတီစိမ်း	၃၀၀	တင်း	၁၀	၂၀	၁၅	စျေးကွက်ကောင်းမှုကြောင့်အမြတ်ရရှိ။
ကုလားပဲ	၃၀၀	တင်း	၈	၂၀	၁၂	စျေးကွက်မကောင်းသောကြောင့်အမြတ်နည်း။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံမှာ (၄)မျိုးရှိပါသည်။ တောင်သူများသည် ရာသီဥတုနှင့် စျေးကွက်ရရှိမှုကောင်းပါက အကျိုးအမြတ်ရှိပြီး ရာသီဥတု နှင့် စျေးကွက်မရှိပါက အရှုံးပေါ်မှု များဖြစ်ပေါ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၆၇	၁၅၀
နို့စားနွား	-	-
ကျွဲ	၄၇	၁၂၇
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	၁	၄၅
သိုး	-	-
ဝက်	၆	၁၃
ကြက်	၁	၁၀
ဘဲ	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
နွားနောက်	-	-
ငါးလုပ်ငန်း	**-**	**-**
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် နွားနှင့်ကျွဲ တိရစ္ဆာန်များကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ခိုင်းစေရန် အဓိကထားမွေးမြူကြသည်။

(၄.၄) စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်သောလုပ်ငန်းများကဏ္ဍ

ဇယား (၉)စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်သောလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ပန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်/လတ်/မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	-	-	-	-
၅	ယာဉ်၊ စက်ကိရိယာနှင့် အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	-	-	-	-

၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	-	-	-	-
၇	လက်လီ- လက်ကား ရောင်းဝယ်ရေး	၁၀	-	၁၀	လတ်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၆	၆	-	လတ်
၁၃	ကျန်းမာရေး	၂	၂	-	လတ်
၁၄	လူမှုရေး လုပ်ငန်းများ	-	-	-	-
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ်..... ဦးတည်အုပ်စု ဆွေးနွေးခြင်း_ ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာမှာ တောင်သူကြီးများ အိမ်တွင် စိုက်ပျိုးရေးအလုပ်သမားများ အဖြစ် လုပ်ကိုင်သော အိမ်ထောင်စုအရေအတွက်များပြားပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေး မဟုတ်သော လုပ်ငန်းမှာ အနည်းငယ်သာရှိပါသည်။

(၅)အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် Â ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် Â ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □၁၀၀မိုင်အထက်□
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် Â ကား/ထော်လာဂျီ Â ရထား □သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် Â ကား/ထော်လာဂျီ Â ရထား □သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာ မှ ၅မိုင်မှာ အနီးဆုံးဈေး ချောင်းဦးမြို့သို့သွားရောက် ဝယ်ယူကြပြီး အကြီးစားဈေးကွက် မုံရွာမြို့သို့ သွားရောက်ဝယ်ယူကြပါသည်။ ဈေးကွက်ဝန်ဆောင်မှုမှာ ကောင်းမွန်ပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□ ၂Â ၃□ ၄□ ၅□	ကောင်း□သင့် □ညံ့Â	ပွင့်လင်း ရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ ၂Â ၃□ ၄□ ၅□	ကောင်း□သင့် Âညံ့□	ပွင့်လင်း ရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁Â ၂Â ၃□ ၄□ ၅□	ကောင်း□သင့် □ညံ့Â	ပွင့်လင်း ရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာသည် ချင်းတွင်းမြစ်ရေဝင်ကျေးရွာဖြစ်သောကြောင့် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးမှာ ခက်ခဲပါသည်။ ရွာတွင်းလမ်းမှာ မိုးရာသီတွင် ကျောင်းသူ/သားများ သွားလာရ ခက်ခဲဖြစ်ပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အနီးဆုံးမြို့နှင့် အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐

မှတ်ချက်။ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် မြစ်ကြောင်း ပင်လယ်ရေကြောင်း မရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာဂျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၆၁	၃၄၂	၁	၂၇	၅	-	၈၁

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ထူးနီကျေးရွာတွင် မော်တော်ဆိုင်ကယ် အသုံးပြုသူများပြားပြီး စက်ဘီးအသုံးပြုသူ အချို့နှင့် ထော်လာဂျီ ပိုရှင်တစ်ချို့ရှိပါသည်။ စိုက်ပျိုးရေး အဓိက ကျေးရွာဖြစ်သောကြောင့် နွားလှည်းလည်း အသုံးပြုသူ အိမ်ထောင်စုများလည်းရှိပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၂၆၅
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	၁
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်	၃၆
လျှပ်စစ်မီး အသုံးမပြုနိုင်သော	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် ဆိုလာသုံးစွဲသူ တစ်ရွာလုံးနီးပါးရှိပြီး လျှပ်စစ်မီးမရရှိသေးပါ။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၄၂၃	၁၂၂	၁၃၈

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် ဆက်သွယ်ရေးလိုင်းကောင်းမွန်သောကြောင့် ဖုန်းအသုံးပြု သူဦးရေ များပြားပါသည်။သတင်းအချက်အလက်ရရှိစေရန်အတွက်ဖုန်း၊ရေဒီယိုနှင့်တီဗွီ အသုံးပြုသူများလည်း ရှိပါသည်။

၆.ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား(၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၆၂	၅၁	၁၁၃
အလယ်တန်း	၂၅	၂၆	၅၁
အထက်တန်း	၁၅	၁၄	၂၉
တက္ကသိုလ်/ကောလိပ်	၁၂	၁၂	၂၄

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကိုဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင်"ဘုန်းကြီးကျောင်းသင်ပညာရေး"ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့် အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ထူးနီကျေးရွာတွင် လက်ရှိမူလတန်းပညာသင်ကြားနေသူ (၁၁၃)ယောက်၊ အလယ်တန်းပညာသင်ကြားနေသူ(၅၁)ယောက်၊အထက်တန်းပညာသင်ကြားနေသူ(၂၉)ယောက်နှင့်တက္ကသိုလ်၊ ကောလိပ်ပညာသင်ကြားနေသူ (၂၄)ယောက် ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၁၇) စာသင်ကျောင်းဆောင် အခြေအနေ နှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် Â အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း Â	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် Â ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် □ စက်ဘီး Â ဆိုင်ကယ် □ ကား □	ခြေလျင် □ စက်ဘီး Â ဆိုင်ကယ် Â ကား □	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □

အကြောင်းအရာ	(၁)			(၂)			(၃)		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၆၀'×၃၀'(၂)ဆောင် ၉၀'×၃၀'(၁)ဆောင်			-			-		
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်Â ညံ့□			ကောင်း□သင့်□ ညံ့□			ကောင်း□သင့်□ ညံ့□		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည် Â မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း Â သင့်□ ညံ့ □ မရှိ □			ကောင်း □သင့်□ ညံ့ □ မရှိ □			ကောင်း □သင့်□ ညံ့ □ မရှိ □		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်Â တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၃	၅	၈						
ကျေးရွာခန့်	-	-	-						

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ထူးနီကျေးရွာတွင် မူလွန်ကျောင်းရှိပြီး ဆရာ/ဆရာမ စုစုပေါင်း(၈)ဦးရှိပါသည်။ အထက်တန်းကျောင်းသား/ကျောင်းသူ များသည် ချောင်းဦး အ.ထ.ကသို့ တက်ရောက်ပြီး တက္ကသိုလ်ကျောင်းသား/သူ များမှာ မုံရွာမြို့တွင် တက်ရောက်ကြပါသည်။

(၇)ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား(၁၈) အဖြစ်များသော ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောက	*မြင့်*□	*နိမ့်*Â	*မရှိ*□
၂	သွေးလွန်တုပ်ကွေး	*မြင့်*□	*နိမ့်* Â	*မရှိ*□
၃	ငှက်ဖျား	*မြင့်*□	*နိမ့်*□	*မရှိ* Â

#	ရောဂါ	ပုံနှိပ်မှု/ဖြစ်ပွားမှု		
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□	မရှိ Â
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□	မရှိ Â
၆	တီဘီ	မြင့်□	နိမ့်□	မရှိ Â
၇	ဆီးချို	မြင့်□	နိမ့် Â	မရှိ□
၈	သွေးတိုး	မြင့် Â	နိမ့်□	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်□	မရှိ Â
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□	မရှိ Â
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်□	မရှိ Â

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် ရာသီအလိုက် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေး ရောဂါများ ဖြစ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။ အသက်(၄၀)ကျော် လူကြီးများ သွေးတိုးရောဂါဖြစ်ပွားကြောင်း လည်း တွေ့ရှိရပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	ရှိ	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ရှိ	
၃	ပိုလီယိုရောဂါ	ရှိ	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ရှိ	
၅	ဝက်သက်ရောဂါ	ရှိ	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	ရှိ	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	ရှိ	
၈	အာဟာရ ပညာပေး အစီအစဉ်	ရှိ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမှ အထက်ပါ ရောဂါများ ကာကွယ်ရေးအတွက် လစဉ်ကာကွယ်ဆေးထိုးပေးကြောင်း တွေ့ရှိရပါသည်။

(7.3) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား(၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ပန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ Â မရှိ □
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် Â ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီးကျေးရွာသူ/သားများ ကျန်းမာရေးအရေးပေါ်အခြေအနေဖြစ်ပါက ချောင်းဦးမြို့နယ် ဆေးရုံသို့ တက်ရောက်ကုသကြပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား(၂၁) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက် မှု (နေ့၊ မိုး၊ ဆောင်း)

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက် မှု (နွေ၊ မိုး၊ ဆောင်း)
ရေတွင်း	၁	ကောင်း Â သင့်□ ညံ့□	
အဝိစိတွင်း/ စက်တပ်	၁၄၃	ကောင်း Â သင့်□ ညံ့□	
အဝိစိတွင်း/ တုံကင်	၁၀၇	ကောင်း Â သင့်□ ညံ့□	
မိုးရေ သိုလှောင်ကန်	၁၄	ကောင်း Â သင့်□ ညံ့□	
မြစ်/ချောင်းရေ	-	ကောင်း□ သင့်□ ညံ့□	
ရေကန်	-	ကောင်း□ သင့်□ ညံ့□	
စိမ့်စမ်းရေ	-	ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် ချက်ပြုတ်ရေနှင့် သောက်သုံးရေအတွက် အဝိစိစက်တပ်/ တုံကင် တွင်းများ နှင့် မိုးရေလှောင်ကန် အသုံးပြုကြပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဧယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-
ရေလောင်း/ယင်လုံအိမ်သာ	၃၀၂
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဧလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃)ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် ယင်လုံအိမ်သာ စုစုပေါင်း(၂၆၈)လုံးရှိပြီး အိမ်ထောင်ငယ်

(၃၄)စုမှာ တဝန်းထဲနေ မိဘများအိမ်တွင် အတူသုံးစွဲကြပါသည်။

(၈). ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဧယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	အသင့်တင့်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	-
၃	ရေကြီးခြင်း	ရှိ
၄	မိုးခေါင်ခြင်း	ရှိ
၅	အအေးလွန်ကဲခြင်း	-
၆	မုန်တိုင်း	အသင့်တင့်
၇	ငလျင်	-
၈	မီးဘေး	-
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	-
၁၁	သစ်တောပြုန်းတီးခြင်း	-
၁၂	၄က်ဖျားရောဂါ	-
၁၃	တီဘီရောဂါ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	အသင့်တင့်
၁၇	လူကုန်ကူးခြင်း	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှုမှာ ဝါခေါင်၊တော်သလင်း၊ သီတင်းကျွတ် လများတွင် တွေ့ရှိရပါသည်။ မိုးများသော နှစ်များတွင် မြစ်ရေကြီးပြီး တာဘောင်ကျိုးပြက်စီးပါက ရေကြီးလေ့ ရှိပါသည်။ တစ်ချို့နှစ်များတွင် ရာသီဥတုဖောက်ပြန်မှုကြောင့်လည်း မိုးခေါင်ခြင်းများဖြစ်ပေါ်လေ့ရှိပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များအခြေအနေ

အခြေအနေ	အန္တရာယ်ရှိမှု (နိမ့်၊ လတ်၊ မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	နိမ့်	မြေဆီလွှာပျက်စီးမှုနည်းပါသည်။
အပင်မျိုးစိတ်များ	နိမ့်	အပင်မျိုးစိတ်များအလွယ်တကူဝယ်ယူနိုင်သည်။
ရေအရင်းအမြစ်	နိမ့်	ရေရရှိမှုလွယ်ကူပါသည်။
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထူးနီကျေးရွာတွင် စိုက်ပျိုးမြေဆီလွှာပျက်စီးမှု နည်းပါးပါသည်။ အပင်မျိုးစိတ် အလွယ်တကူရရှိနိုင်ပြီး ရေရရှိမှုမှာလည်း လွယ်ကူပါသည်။

(၁၀) ကျား - မ ရေးရာ

ဇယား(၂၅) ကျား- မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* Â	*မရှိ* □
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* Â	*မရှိ* □

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထူးနီကျေးရွာရှိ အမျိုးသမီးများသည် အုပ်ချုပ်မှုစီမံခန့်ခွဲရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်ကြပြီး ရပ်ရေးရွာရေးအသင်းအဖွဲ့များတွင်လည်းပါဝင်ကြပါသည်။

မာတိကာ

မာတိကာ ၁

စကားချီး ၃

ထူးနီကျေးရွာသယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြကွဒိန် ၄

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၅

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့်ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၆

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၆

(က) စီးပွားရေးအခြေအနေ

(ခ) စိုက်ပျိုးနိုင်သည့်မြေဧရိယာ

(ဂ) အဓိကသီးနှံများနှင့်အထွက်နှုန်း

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(င) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ ၇

(က) ကုန်စည်နှင့်ဝန်ဆောင်မှု စျေးကွက်လက်လှမ်းမီမှုအခြေအနေ

(ခ) လမ်း၊တံတား၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်သတင်း

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၈

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၈

၉။ ကျား-မ ရေးရာ ၉

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၂-၁၄

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ ၁၅

ကော်မတီဝင်များစာရင်း ၁၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ကြပါသော လွတ်တော်ကိုယ်စားလှယ်များအသီးသီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နှင့် ကော်မတီဝင်များအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီးအချက်အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်းအချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူအညီရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

အဓိကဖော်ပြထားပြီးအပိုင်း(၂)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ထူးနီကျေးရွာ၊ ချောင်းဦးမြို့နယ်

၂၀၁၈ ခုနှစ်၊ ဇူလိုင် လ( )ရက်

ထူးနီကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြကွဒိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်





အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

(က)နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်
ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်းဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန်
ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

(ခ) ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ထူးနီကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ တည်နေရာနှင့်ပထဝီအနေအထား

ထူးနီကျေးရွာသည်စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာခရိုင်၊ချောင်းဦးမြို့နယ်အတွင်း ချောင်းဦး-အမြင့်လမ်းမကြီး၏တောင်ဘက်(၃)မိုင်အကွာတွင်တည်ရှိပြီးအုပ်ချုပ်ရေးရုံးစိုက်ရာ ချောင်းဦးမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီးချင်းတွင်မြစ်ရေဝင်ဒေသဖြစ်၍ နှံးတင်မြေနုလယ်မြေများတွင် မြေအောက်ရေကို စိုက်ပျိုးရေအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန် လက္ခ(၃၀)နှင့် လက္ခ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေဧက (၁၁၃၇.၇၈)ဧကခန့်ရှိပြီး စပါး၊ ပဲတီစိမ်း နှင့် သခွားသီးနှံများ အဓိကစိုက်ပျိုးပါသည်။ သဘာဝပေါက်ပင်များမှာ တမာ၊ မန်ကျည်း၊ ထန်းပင်၊

ထနောင်း၊ ဆူးဖြူပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး၊ အဓိကခိုင်းနွားနှင့်ကျွဲတိရစ္ဆာန်များအတွက် အစာများဖြစ်သည့် ကောက်ရိုး၊ မြက်တို့ကို လွယ်ကူစွာ ရရှိနိုင်၍ စားကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်အတွေ့ရများသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုဝင်ပေါင်း(၃၀၂)ရှိပြီး၊စုစုပေါင်းလူဦးရေ(၁၃၈၅)ဦး၊ကျား(၆၉၁)ဦး၊မ(၆၉၄)ဦး
မှီတင်းနေထိုင်ကြပါသည်။ကျေးရွာရှိလူဦးရေတွင်အလုပ်လုပ်နိုင်သူအသက်(၁၅)နှစ်မှ(၆၀)နှစ်အတွင်း လူဦးရေ (၁၀၀၃)ဦးရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၇)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါသည်။ယင်းအဖွဲ့အစည်းများအနက်အမျိုးသမီးရေးရာအဖွဲ့နှင့်လူငယ်အဖွဲ့များမှကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများရှိပြီး၊ ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင်လည်း ချက်ပြုတ်ကျွေးမွေးရေးလုပ်ငန်းများကို တာဝန်ခွဲဝေဆောင်ရွက်ကြသည်။ ၎င်းအပြင် လူငယ်အဖွဲ့ အနေဖြင့် ကျေးရွာ၏ စိုက်ပျိုးရေး၊ စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်းများရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများ မှာလည်း ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်လျှက်ရှိကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သင့်တင့်ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၃၆%)သည် အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး၊ (၃၃%)သည် မပြေလည်သော အိမ်ထောင်စု (၂၁%)သည် အလယ်အလတ်ရှိသောအိမ်ထောင်စု နှင့် (၁၀%)သောအိမ်ထောင်စုသည်

အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။အလွန်မပြေလည်သော အိမ်ထောင်စုများသည် မြေယာမဲ့များဖြစ်ပြီး၊ လက်လုပ်လက်စားများသာဖြစ်ကြပါသည်။

(ခ) စိုက်ပျိုးနိုင်သည့် မြေဧရိယာ

ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများလက်လှမ်းမီမှု၊ မြေအောက်ရေတို့ဖြင့်စိုက်ပျိုးနိုင်မှုကြောင့် စိုက်ပျိုးရေးအနေအထား ကောင်းမွန်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးနိုင်သော လယ်မြေဧကပေါင်း(၁၁၃၇.၇၈)ရှိပြီး၊ စပါး၊ ပဲတီစိမ်း၊ ကုလားပဲနှင့်သခွားသီးနှံများ စိုက်ပျိုးကြပါသည်။

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ထူးနီကျေးရွာ၏ အဓိကသီးနှံများမှာ စပါး၊ ပဲတီစိမ်း၊ ကုလားပဲ နှင့် သခွားစိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။ အဓိက စပါးမှာ တစ်ဧကလျှင် အနည်းဆုံး(၅၀)တင်း၊ အများဆုံး(၇၀)တင်းနှင့် ပျှမ်းမျှ(၆၀)တင်း ထွက်ရှိသည်။ ပဲတီစိမ်းတစ်ဧကလျှင် အနည်းဆုံး(၁၀)တင်း၊ အများဆုံး(၂၀)တင်းနှင့် ပျှမ်းမျှ(၁၅)တင်းထွက်ရှိပါသည်။ ကုလားပဲတစ်ဧကလျှင် အနည်းဆုံး(၈)တင်း၊ အများဆုံး(၂၀)တင်းနှင့် ပျှမ်းမျှ(၁၂)တင်းထွက်ရှိပါသည်။ သခွားသီးနှံစိုက်ပျိုးမှုမှာ တစ်ဧကလျှင် အနည်းဆုံး(၁၀)တန်၊ အများဆုံး(၁၅)တန်နှင့် ပျှမ်းမျှ(၁၂)တန်ထွက်ရှိပါသည်။

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ထူးနီကျေးရွာတွင် နို့စားနှင့်အသားစားကျွဲ/နွားမွေးမြူထားခြင်း မရှိပါသော်လည်းခိုင်းနွား/ကျွဲမွေးမြူသောအိမ်ထောင်စု(၂၁၄)စုရှိပြီး၊ ဆိတ်၊ ဝက်၊ ကြက်တစ်ပိုင်တစ်နိုင်မွေးမြူသောမိသားစု အနည်းငယ်မျှသာရှိပါသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်းမရှိကြပါ။

(င) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ထူးနီကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စိုက်ပျိုးရေးနေ့စားလုပ်သားများ၊ ဈေးဆိုင်နှင့် အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ ဈေးဆိုင်လုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စု(၁၀)စုရှိပြီး၊ မိသားစုဝင်(၁၀)ဦးဖြင့်လည်ကောင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်း(၈)ဦးသာရှိပြီး၊ ရပ်တည်နိုင်မှုအနေဖြင့် အလယ်အလတ်အဆင့်တွင်ရှိပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ

ထူးနီကျေးရွာသည်ချောင်းဦး-
အမြင့်လမ်းကြီးနှင့်(၃)မိုင်အကွာတွင်တည်ရှိသဖြင့်လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ပါသည်။ထူးနီကျေးရွာနှင့်အနီးဆုံးဈေးမှာ(၅)မိုင်ခန့်ဝေး သည့် ချောင်းဦးဈေးဖြစ်ပြီး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအားလုံး အလွယ်တကူနှင့် ဝယ်ယူရရှိနိုင်ပါသည်။အကြီးဈေးကွက်ဖြစ်သည့် မုံရွာမြို့နှင့်လည်း(၁၄)မိုင်သာကွာဝေးသည့်အတွက်လွယ်ကူစွာသွားလာနိုင်ပါသဖြင့် ဈေးကွက်ဝန်ဆောင်မှု ကောင်းမွန်ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ထူးနီကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရ ခက်ခဲပါသဖြင့်လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး(၆၀)စီး၊ မော်တော်ဆိုင်ကယ်(၃၄၂)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ထော်လာကျီ(၂၇)စီး၊ ကား(၅)စီး နှင့် နွားလှည်း(၈၁)စီး အသုံးပြုလျှက်ရှိပါသည်။

လျှပ်စစ်မီးအသုံးနိုင်ခြင်းမရှိသေးပါ။ တစ်အိမ်သုံးဆိုလာစနစ်ကိုသာ အသုံးပြုလျှက်ရှိပါသည်။ ကျေးရွာရှိအိမ်တိုင်းသည်လက်ကိုင်ဖုန်းများအသုံးပြုနေကြပြီးဖြစ်ပါသည်။အင်တာနက်အသုံးပြုနိုင်မှုရှိပြီးအခြားသတင်း အချက်အလက်များအတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထား သဖြင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။

၆။ ပညာရေး

ထူးနီကျေးရွာတွင် မူလတန်းကျောင်းသားပေါင်း(၁၁၃)ဦး၊ အလယ်တန်းကျောင်းသားပေါင်း(၅၁)ဦး၊ အထက်တန်းကျောင်းသား(၂၉)ဦး နှင့် တက္ကသိုလ်၊ကောလိပ်ကျောင်းသား(၂၄)ဦးရှိပြီး၊မူလတန်း ကျောင်းသူကျောင်းသားများမှာ ကျေးရွာရှိ မူလွန်ကျောင်းတွင် တက်ရောက်ပြီး အလယ်တန်း နှင့် အထက်တန်း ကျောင်းသူ/သားများမှာ ချောင်းဦးမြို့သို့ တက်ရောက်ကြပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းဆောင် (၆၀'×၃၀')(၂)ဆောင်နှင့် မူလွန်ကျောင်းဆောင် (၉၀'×၃၀') (၁)ဆောင်ရှိပြီး အရည်အသွေးအသင့်တင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် ဆရာ/ဆရာမ စုစုပေါင်း(၈)ဦးရှိပြီး အင်အားလုံလောက်မှုရှိပါသည်။ တက္ကသိုလ်ကျောင်းသား/ကျောင်းသူများမှာ မုံရွာတက္ကသိုလ်သို့ သွားရောက်တက်ရောက်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ထူးနီကျေးရွာအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျော ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပြီး၊ အသက်(၄၀)ကျော် လူကြီးများမှာ သွေးတိုးရောဂါ ဖြစ်ပွားမှုများပါသည်။ အခြားရောဂါများ ဖြစ်သော အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ အသည်းရောဂါ (ဘီ၊စီ)၊ HIV,AIDS ရောဂါများ၊ အခြားကူးစက်ရောဂါများ မတွေ့ရှိရပါ။

ကျန်းမာရေးဝန်ဆောင်မှု အနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် လစဉ် ပုံမှန် ကာကွယ်ဆေး ထိုးနှံပေးလျက် ရှိပါသည်။ အရေးပေါ်အခြေအနေဖြစ်ပါက ချောင်းဦးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။

သောက်သုံးရေအတွက်မြေအောက်ရေ၊အဝီစိစက်တပ်၊ တုံကင်တွင်းများ၊ မိုးရေလှောင်ကန်များ အသုံးပြုကြပါသည်။ဝါဆိုဝါခေါင်ရေကြီးတတ်သောလများတွင်သောက်သုံးရေအရင်းအမြစ်များသို့ မကောင်းသောရေဆိုးများဝင်ရောက်ခြင်းကြောင့် သောက်သုံးရေခက်ခဲမှုရှိပါသည်။

ထူးနီကျေးရွာတွင် အိမ်ထောင်စု(၃၀၂)စုရှိပြီး၊ ယင်လုံအိမ်သာ(၂၆၈)လုံးရှိပြီးအိမ်ထောင်ငယ်(၃၄)အိမ်မှာ တစ်ဝန်းထဲနေ မိဘများအိမ်တွင် အတူသုံးစွဲကြပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာ သုံးစွဲမှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများ ရှိသဖြင့် ကျောင်းသူ/ကျောင်းသားများအတွက် အသုံးပြုရန်လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထူးနီကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ ဝါခေါင်၊ တော်သလင်း၊ သတင်းကျွတ်လများတွင် အများအားဖြင့် တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ ၃၅%ရှိပြီးရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေးလုပ်သားအဖြစ် အဓိကဝင်ရောက်လုပ်ကိုင်ကြပါသည်။ အကြွေးတင်ရှိမှုရှိသော အိမ်ထောင်စုအချို့ရှိပြီး ချေးငွေအများစုကို NGO အဖွဲ့အစည်းများမှ ထုတ်ချေးကြပါသည်။ တောင်သူများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမ အသင်းတို့မှ ချေးငွေများချေးယူကြပါသည်။ ချေးငွေများကို စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးစရိတ်တို့အတွက် အသုံးပြုကြပါသည်။

မိုးများသောနှစ်များတွင် ချင်းတွင်းမြစ်ရေကြီးပြီး တာဘောင်ကျိုးပျက်စီးပါက ရေကြီးလေ့ ရှိပါသည်။အချို့နှစ်များတွင်ရာသီဥတုဖောက်ပြန်မှုကြောင့်လည်းမိုးခေါင်ခြင်းများကြုံတွေ့ရပါသည်။ စိုက်ပျိုးမြေမြေဆီလွှာ ပျက်စီးမှုနည်းပါးပါသည်။ စိုက်ပျိုးပင်မျိုးစိတ်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေရရှိမှုမှာ မြေအောက်ရေမှ အလွယ်တကူရရှိပါသည်။ သောက်သုံးရေမှာ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မြစ်ရေဝင်ရောက်တတ်သောကြောင့် သောက်သုံးရေ

ခက်ခဲမှုရှိပါသည်။တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ကျရောက်မှုအခြေအနေမှာ ကဆုန်၊နယုန် လများတွင် တွေ့ရှိရပါသည်။ သစ်တောပြုန်းတီးခြင်း အသင့်တင့်ဖြစ်ပေါ်လေ့ရှိပါသည်။

၉။ ကျား-မ ရေးရာ

ထူးနီကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မ ဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများ မရှိပါ။ ပညာရေးနှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေး တန်းတူညီစွာ ရရှိပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်အမျိုးသမီးပါဝင်မှုလျော့နည်းသော်လည်းအခြားလူမှုရေးအသင်းအ ဖွဲ့များတွင်အမျိုးသမီးများပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူ ညီမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများအနက်တက်ရောက်သူကျေးရွာသူ/သားအုပ်စု(၅) စု၊(က)ရပ်မိရပ်ဖအုပ်စု၊(ခ)တောင်သူအုပ်စု၊(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအုပ်စု၊(ဃ)အမျိုးသမီ းအုပ်စု၊(င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကိုအမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ၊အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁။ ကျေးရွာရွာတွင်းလမ်းကွန်ကာရစ်ခင်းခြင်း	၁၀	၉	၁၀	၁၀	၉	၄၈	၁
၂။ ရွာတွင်းရေဆိုးမြောင်းတူးဖော်ခြင်း	၁၀	၁၀	၅	၈	၇	၄၀	၃
၃။ကုန်ထုတ်လမ်းပြုပြင်ခြင်း	၉	၁၀	၅	၇	၆	၃၇	၄
၄။ မြစ်ရေဝင်"ရိုး"ချဲ့ထွင်တူးဖော်ခြင်း	၁၀	၈	၁၀	၉	၈	၄၅	၂
၅။လျှပ်စစ်မီးရရှိရေး	၈	၁၀	၅	၅	၄	၃၂	၅
၆။ ဘောလုံးကွင်း	၇	၅	၈	၃	၅	၂၈	၆

တည်ဆောက်ခြင်း							

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင်
လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံကိန်း	**ဦးစားပေး အဆင့်**	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၈၅၀'×၁၂'×၆")	၁	✔	✔	-	-	-
၂။မြစ်ရေဝင်"ရိုး"ချဲ့ထွင်တူးဖော်ခြင်း	၂	-	✔	-	-	-
၃။ ရွာတွင်းရေဆိုးမြောင်း တူးဖော်ခြင်း	၃	-	-	✔	-	-
၄။ကုန်ထုတ်လမ်းပြုပြင်ခြင်း	၄	-	-	-	✔	-
၅။လျှပ်စစ်မီးရရှိရေး	၅	-	-	-	-	✔
၆။ ဘောလုံးကွင်းတည်ဆောက်ခြင်း	၆	-	-	-	-	✔

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ထူးနီကျေးရွာအုပ်စု၊ ထူးနီကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာ	ကျေးရွာတွင်းလမ်းများ	ကျေးရွာသူ / သား	ကျေးရွာတွင်	ကျေးရွာရွာတွင်းလမ်းအား	ကျေးရွာရွာတွင်းလမ်းအား
	ရွာတွင်းလမ်း	သည် မြေသားလမ်းဖြစ်၍	များစုပေါင်း၍လုပ်ငန်း	လုံလောက်သော	မြေသားလမ်းမှ ကွန်ကရစ်	ကွန်ကရစ်လမ်း ခင်းခြင်း
	ပျက်စီးခြင်း	မိုးရာသီတွင် ရွံ့စေး၊ရွံ့ဗွက်	အတွက် လိုအပ်သော	မတည်ရန်ပုံငွေ	လမ်းအဖြစ် ဆောင်ရွက်	(၁၈၅၀'-၀"×၁၂'-၀"×
		များကြောင့် ကျေးရွာနေ	လုပ်အားနှင့်ငွေကြေး	မရှိခြင်း။	ခြင်း။	၀'-၆")
		ပြည်သူများနှင့်ကျောင်းသူ	ပူးပေါင်းပါဝင်			
		ကျောင်းသားများသွားလာ	ဆောင်ရွက်နိုင်ခြင်း။			
		ရာတွင် ခက်ခဲခြင်း။				
၂	ကျေးရွာရှိ	လက်ရှိမြစ်ရေဝင်''ရိုး"	ကျေးရွာသူ / သား	ကျေးရွာတွင်	တိမ်ကောနေသည့် "ရိုး"	"ရိုး" ဟောင်းအားပြန်လည်
	မြစ်ရေဝင်"ရိုး"	တိမ်ကောနေပါသဖြင့်	များစုပေါင်း၍လုပ်ငန်း	လုံလောက်သော	အားပြန်လည်တူးဖော်ခြင်း။	တူးဖော်ခြင်း (၂ မိုင်)
	တိမ်ကော	ရေကြီးချိန်တွင် "ရိုး"မှ	အတွက် လိုအပ်သော	မတည်ရန်ပုံငွေ		
	ပျက်စီးခြင်း	ရေများသည်လူနေအိမ်များ	လုပ်အားနှင့်ငွေကြေး	မရှိခြင်း။		
		အတွင်း ဝင်ရောက်၍	ပူးပေါင်းပါဝင်			
		ရေကြီးနစ်မြုပ်မှုများ	ဆောင်ရွက်နိုင်ခြင်း။			

		ဖြစ်ခြင်း။				

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်ဦးမြို့နယ်၊ မှန်ချိုကျေးရွာအုပ်စု၊ မှန်ချိုကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းမျော်း	အဟန့်အတား နှင့်စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ
၃	ကျေးရွာတွင်ရေဆိုးများ	ကျေးရွာအတွင်းရှိ အသုံး	ကျေးရွာသူ၊ ကျေးရွာ	မတည်ရန်ပုံငွေ	ကျေးရွာအတွင်း	ကျေးရွာအတွင်း
	ရှိခြင်းကြောင့် ကျန်းမာ	ပြုသော ရေတွင်းများမှ	သားများ ပူးပေါင်း	မရှိခြင်း။	ရေဆိုးမြောင်း	ရေဆိုးမြောင်း
	ရေးထိခိုက်စေနိုင်ခြင်း	ချိုးရေ၊ သုံးရေများ ရေဆိုး	ပါဝင်နိုင်ခြင်း။		တူးဖော်ခြင်း။	တူးဖော်ခြင်း(၁ မိုင်)
		အဖြစ် တည်ရှိခြင်းကြောင့်				
		ခြင်ပေါက်ပွားသဖြင့်				
		ကျန်းမာရေးထိခိုက်ခြင်း။				
၄	ကျေးရွာကုန်ထုတ်လမ်း	ကျေးရွာ၏ စိုက်ပျိုးသီးနှံ	ကျေးရွာသူ / သား	ကျေးရွာတွင်	ကုန်ထုတ်လမ်း	ကျေးရွာရှိ ကုန်ထုတ်
	ပျက်စီးခြင်း	များ သယ်ယူရသော လမ်း	များစုပေါင်း၍	လုံလောက်သော	အား အဆင့်မြှင့်	လမ်းအား ဂျင်းခင်း
		မှာ မြေသားလမ်းဖြစ်၍	လုပ်ငန်းအတွက်	မတည်ရန်ပုံငွေ	တင်ခြင်း။	ခြင်း။
		ရွံ့ဗွက်များ ထူထပ်ခြင်း	လိုအပ်သောလုပ်အား	မရှိခြင်း။		

		ကြောင့် သွားလာရခက်ခဲ	နှင့် ငွေကြေးပူးပေါင်း			
		ခြင်း။	ပါဝင် ဆောင်ရွက်နိုင်			
			ခြင်း။			

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မှန်ချို့ကျေးရွာအုပ်စု၊ မှန်ချို့ကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	ကျေးရွာရှိ	လျှပ်စစ်မီးမရှိခြင်းကြောင့်	ကျေးရွာရန်ပုံငွေ	လုံလောက်သော	ကျေးရွာသို့	ကျေးရွာသို့
	ကျောင်းသူ/သားများ	ကျောင်းသားလူငယ်များ	အသင့်အတင့်ရှိခြင်း	ရန်ပုံငွေပမာဏ	လျှပ်စစ်ဓါတ်အားလိုင်း	လျှပ်စစ်ဓါတ်အားလိုင်း
	စာပေလေ့လာရာတွင်	စာပေလေ့လာရာတွင်		မရှိခြင်း	သွယ်တန်းခြင်း	သွယ်တန်းခြင်း
	ခက်ခဲခြင်းနှင့်ကျေးရွာ	ခက်ခဲခြင်းနှင့်ချက်ပြုတ်ရာ				
	ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း	ထင်းမီးများသုံးစွဲရခြင်း				
		ကြောင့် မီးဘေးအန္တရာယ်				
		စိုးရိမ်ရခြင်းနှင့် သစ်တော				

		ပြုန်းတီးခြင်း၊				
၆	ကျေးရွာရှိလူငယ်များ	လူငယ်များလွတ်လပ်စွာ	အားကစားကွင်း	အားကစားကွင်း	အားကစားကွင်း	အားကစားကွင်း
	ကိုယ်ကာယကြံ့ခိုင်ရေး	ကိုယ်ကာယလေ့ကျင့်ခန်း	ပြုလုပ်ရန်မြေနေရာ	ပြုလုပ်ရန်	တည်ဆောက်ခြင်း	တည်ဆောက်ခြင်း
	အတွက် လေ့ကျင့်ရန်	များ၊ အားကစားနည်းများ	ရှိခြင်း	နည်းပညာနှင့်		
	အားကစားကွင်းမရှိခြင်း	လေ့ကျင့်ရန်အားကစားကွင်း		ငွေကြေးလုံလောက်		
		မရှိခြင်းကြောင့် လူငယ်များ		မှု မရှိခြင်း		
		တက်ကြွမှုနည်းခြင်း				

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ထူးနီကျေးရွာ
ကျေးရွာအုပ်စု	- ထူးနီကျေးရွာအုပ်စု
မြို့နယ်	- ချောင်းဦးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၈၅၀'-၀"×၁၂'-၀"×၀'-၆")	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ - လက်ရှိကျေးရွာ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ - မိုးရာသီတွင် ရွံ့စေး၊ရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။ - မိုးရာသီတွင် ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် ခက်ခဲခြင်း၊ - ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များခက်ခဲစွာဝင်ထွက်သွားလာနေရခြင်း။ - မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ကား/ထော်လာဂျီများသွားလာရာတွင် ခက်ခဲနေပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) - မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။ - မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။ - ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။ - ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ) - လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ	

ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) - ကျေးရွာ ရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းခြင်း(၁၈၅၀'-၀"×၁၂'-၀"×၀'-၆")လုပ်ငန်း ဆောင်ရွက်ပါမည်။ - လုပ်ငန်းခန့်မှန်းကုန်ကျငွေကျပ်(၂၇၄၀၀၀၀/-)ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀/- (ငွေသား) •၁၇၄၇၀၀၀၀/- (ငွေသား) •(ပစ္စည်း/လုပ်အား)	•ကျေးလက်ဦးစီး •ကျေးရွာ •ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၆၉၁	၆၉၄	**၁၃၈၅**	၃၃	၆၂	၁၀၁	၁၀၆	**၃၀၂**
အကျိုးခံစားမည့်သူဦးရေ	၆၉၁	၆၉၄	**၁၃၈၅**	၃၃	၆၂	၁၀၁	၁၀၆	**၃၀၂**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း - ၂၀၁၈ခုနှစ်၊ ဇူလိုင်လ
(၃)စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်
(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် -

ကွန်ကရစ်လမ်းခင်းခြင်း(၁၈၅၀'-၀"× ၁၂'-၀"×၀'-၆")လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ (၂၇၄၇၀၀၀၀/-)တွင် ကျေးရွာပြည်သူလူထုမှ ငွေကျပ်(၁၇၄၇၀၀၀၀/-) ပူးပေါင်းပါဝင် ဆောင်ရွက်ပါမည်။

(၅)လုပ်ငန်းလည်ပတ်ရေး၊ပြုပြုင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။
- ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။
- စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများနှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

ထူးနီကျေးရွာ၊ ထူးနီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ဝင်း	ဦးဖိုးနီ	၅/ခဥတ(နိုင်)၀၂၅၉၃၂	၆၀	ဥက္ကဋ္ဌ	-
၂	ဦးကံကြည်	ဦးကြက်တော	၅/ခဥတ(နိုင်)၀၂၆၂၄၂	၅၈	အတွင်းရေးမှူး	၀၉-၇၆၀၈၆၈၂၁၂
၃	ဦးသန်းရွှေ	ဦးလှဖေ	၅/ခဥတ(နိုင်)၀၇၆၇၁၃	၅၀	ဘဏ္ဍာရေးမှူး	-
၄	ဦးအောင်လွင်စိုး	ဦးဖိုးစီ	၅/ခဥတ(နိုင်)၀၅၀၂၉၂	၄၂	စာရင်းကိုင်	-
၅	ဒေါ်သက်သက်ဇင်	ဦးဆယ်ပို	၅/ခဥတ(နိုင်)၀၂၆၄၉၁	၃၂	သော့ကိုင်(၁)	-
၆	ဒေါ်ဝင်းဆင့်	ဦးအောင်သိန်း	၅/ခဥတ(နိုင်)၀၂၆၃၄၄	၄၇	သော့ကိုင်(၂)	-
၇	ဒေါ်ခင်လှိုင်	ဦးဘမြင့်	၅/ခဥတ(နိုင်)၀၉၆၈၉၆	၄၅	အဖွဲ့ဝင်	၀၉-၉၅၁၂၃၂၄၇၄